# NY HERO Act အကြောင်း အချက်အလက်များ

နယူးယောက် ဟီးရိုး အက်ဥပဒေမှာ အစိတ်အပိုင်း နှစ်ရပ်ပါရှိပါတယ် - အလုပ်ရှင်များမှ လေထဲပြန့်ကူးစက်ရောဂါများဆိုင်ရာ စံနှုန်း ဖန်တီးပေးခြင်း နှင့် အလုပ်သမားများ လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေး ကော်မတီ ဖွဲ့စည်းနိုင်ရေး တို့ပါဝင်ပါသည်။

## အဆိုပါစံနှုန်းအကြောင်း

**အဲ့ဒါက ဘာလဲ:** NY HERO အက်ဥပဒေသည် ပြည်နယ်အစိုးရအား ကိုဗစ်-၁၉ အစရှိသော လေထဲပြန့်ကူးစက်ရောဂါများမှ အလုပ်သမားများအား ကာကွယ်ပေးရန် စံနှုန်းသစ်တစ်ခုကို ချမှတ်ထားပြီး လုပ်ငန်းခွင်များအားလုံးကို ၎င်းစံနှုန်းအတိုင်းလိုက်နာခြင်း သို့မဟုတ် ပိုမို ထိရောက်သော လုပ်ဆောင်ချက်များ ဖန်တီး ကာကွယ်ထားရန် ချမှတ်ထားသည်။

**ဘယ်သူ့အတွက်လဲ:** နေ့စားအလုပ်များ၊ ပွဲစားအလုပ်များ၊ ကန်ထရိုက်တာများ အပါအဝင် ပုဂ္ဂလိက အလုပ်သမားများအားလုံးပါဝင်ပါသည်။

**ကူးစက်ရောဂါ ကာကွယ်ရေး အစီအမံများသည် ပြည်နယ်အစိုးရမှ ပြဌာန်းထားသော လိုအပ်ချက်များ နှင့် ပြည့်မီရမည်။** ကျန်မာရေးစီစစ်မှုများ၊ မျက်နှာဖုံးများ၊ PPE၊ လက်သန့်ရှင်းရေး၊ ပိုးသတ်ကိရိယာများ၊ လူမှုဆက်ဆံရေး အကွာအဝေးနည်းလမ်းများ၊ ရောဂါရှိသူများကို သီခြားထားခြင်း၊ လေဝင်လေထွက်စနစ်များထားရှိခြင်း။

**ဘယ်လိုပြဌာန်းထားလဲ:**

- ပြဌာန်းထားသောစံနှုန်းများအား မလိုက်နာသူများအား DOL သို့မဟုတ် ရှေ့နေရုံးချုပ်မှ ဒဏ်ငွေရိုက်နိုင်သည်။
- ရောဂါကူးဆက်နိုင်ဖွယ်ရှိသော လုပ်ငန်းခွင်နှင့် အလုပ်တာဝန်များကို ပြင်ဆင်ရန် ငြင်းဆိုသော အလုပ်ရှင်များကို အလုပ်သမားများမှ တရားရုံးတွင် တရားစွဲနိုင်သည်။
- အလုပ်သမားများသည် မလုံခြုံသော အခြေအနေများတွင် လုပ်ကိုင်ရန် ငြင်းဆိုပိုင်ခွင့်ရှိသည်။
- အလုပ်သများများအား အလုပ်ရှင်မှ လက်တုံ့ပြန်ခြင်း ကို ကာကွယ်ပေးထားသည်။

**အလုပ်သမားများကို ဘေးအန္တ ရယ်ကင်းရှင်းရေး စီမံချက်များကို ဘယ်လို အကြောင်းကြားရမလဲ။**

- အလုပ်သမားများအား ၎င်းစီမံချက်များကို နှုတ်ဖြင့် ရှင်းပြချက်ထားရမည်။
- ၎င်းစီမံချက်များကို အလုပ်သမားများကျွမ်းကျင်သော ဘာသာစကားဖြင့် ရေးသားထားသော စီမံချက်များ ရရှိရမည်။

**အချိန်ဇယား:**

ဇူလိုင်လ ၅ ရက်နေ့တွင် DOL သည် DOH နှင့် တိုင်ပင်ပြီး လေထဲပြန့် ကူးစက်ရောဂါ ကာကွယ်ရေး စီမံချက် ကို စက်မှုဖုံ များကို ဦးတည်ထားပြီး တခြားဂဏ္ဍများအတွက်ပါ စံနှုန်းတစ်ခုအဖြစ် ဖန်တီးခဲ့သည်။

ဩဂုတ်လ ၅ ရက်နေ့မှ စ၍ အလုပ်ခွင်တိုင်းကိုယ်စီ မိမိတို့ လုပ်ငန်းခွင်းတွင်း အဆိုပါ ကာကွယ်ရေး စီမံချက်များ ချမတ်ထားရမည်။

စက်တင်ဘာလ ၂ ရက်နေ့မှ စ၍ အလုပ်သမားများအားလုံးသည် အဆိုပါ ကာကွယ်ရေး စီမံချက်များကို နှတ်ဖြင့်၊ မိမိတို့ တတ်ကျွမ်းသော ဘာသာစကားဖြင့် ရေးသားဖော်ပြထားသော စာဖြင့် လက်ခံရရှိရမည်။

## အလုပ်သမား ကော်မတီများ အကြောင်း

**အဲဒါကဘာလဲ: လုပ်ငန်းခွင်အတွင်း** ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေး နှင့် မူဝါဒ များ ဆိုင်ရာ ကိစ္စများအတွက် အလုပ်ရှင်မှ အလုပ်သမားများအား ကော်မတီဖွဲ့ ပိုင်ခွင့် ပေးရမည်။ (ကူးစက်ရောဂါ ပြန့်ပွားမှု ပြသနာများအပြင်)

**ဘယ်သူတွေပါဝင်လဲ:** အလုပ်သမား ၁၀ ဦး နှင့်အထက်ရှိသော ပုဂလိက လုပ်ငန်းအားလုံး ပါဝင်သည်။

**ကော်မတီများ ဖွဲ့စည်းပုံ**

- ကော်မတီ၏ သုံးပုံနှစ်ပုံခန့်မှာ လုပ်ငန်းကြီးကြပ်ရေးမှုများ မဟုတ်သော အလုပ်သမားများနှင့် အလုပ်ရှင်၏ကိုယ်စားလှယ် တစ်ဦး ပါရှိရမည်။ ကော်မတီများမှာ အလုပ်ရှင်များနှင့် အလုပ်သမားများ ပူတွဲသဘာပတိအဖြစ် ဆောင်ရွက်ရမည်။
- အလုပ်သမားများသည် မိမိတို့ ကိုယ်စားလှယ်များကို ရွေးချယ်ပိုင်ခွင့်ရှိပြီး လက်တုံ့ပြန်ခြင်းမှလည်း ကာကွယ်ပေးသည်။

**ကော်မတီလည်ပတ်ပုံ**

- ကော်မတီဝင်များသည် သင်တန်း ၄နာရီ ရရှိမည်။
- ကော်မတီဝင်များ နှစ်နာရီခန့် ၃ လတိုင်း တွေ့ဆုံရမည်။

**ကော်မတီဝင်များ၏ ဩဇာအာဏာ**

ကော်မတီဝင် အလုပ်သမားများသည် အောက်ဖော်ပြပါ အခွင့်ရေးများရရှိနိုင်ပါသည်။

- လစာတိုးမပေးခြင်း၊ တခြား လုပ်ငန်းပြသနာများကို အလုပ်ရှင်မှ မဖြစ်မနေ တုံ့ပြန်ပေးရခြင်း။
- အလုပ်ရှင်မှ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ မူဝါဒများအား ပြန်လည်ဆန်းစစ်နိုင်ခွင့် ရရှိခြင်း။
- အစိုးရဌာနများမှ လုပ်ငန်းဘေးကင်းလုံခြင်းရေး စစ်ဆေးမှုများတွင် ပါဝင်ပြောဆိုနိုင်ခြင်း။
- အလုပ်ရှင်မှ ဘေးကင်းလုံခြုံရေး အစီရင်ခံစာများ ကို ပြန်လည်ဆန်းစစ်နိုင်ခွင့် ရရှိခြင်း။